## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## ပြည်ပသို့ အေးခဲအသား၊ အသားခြောက်၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့်
## တိရစ္ဆာန်အစာများ တင်ပို့ခြင်း

**ရည်ရွယ်ချက်**

၁။ ပြည်ပသို့ အေးခဲအသား၊ အသားခြောက်၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့် တိရစ္ဆာန် အစာများ တင်ပို့ခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်းစားသုံးမှုမှ ပိုလျှံသည့် တိရစ္ဆာန်ထွက်ပစ္စည်း၊ တိရစ္ဆာန်အစာများကို ဦးစီးဌာန၏ မူဝါဒနှင့်အညီ ပြည်ပသို့ တင်ပို့ခွင့်ပြုခြင်းဖြင့် နိုင်ငံတော်ဝင်ငွေ ပိုမို တိုးတက်လာစေရန်၊

( ခ ) မွေးမြူထုတ်လုပ်သူများ၏လူမှုစီးပွားဘဝတိုးတက်စေရန်၊

( ဂ ) ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရန်၊

(ဃ) အစားအစာဘေးကင်းလုံခြုံစေရန်၊

( င ) နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါထိန်းချုပ်မှုကို ဆောင်ရွက်နိုင်ရန်။

**အေးခဲအသား၊ အသားခြောက်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာများ တင်ပို့သူက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

၂။ အေးခဲအသား၊ အသားခြောက်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာများ တင်ပို့သူက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ -

(က) ဦးစီးဌာနက ထုတ်ပေးသော ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ်ပြား (Smart Card) ကို အသုံးပြု၍ တိရစ္ဆာန် ကျန်းမာရေးဆိုင်ရာ ထောက်ခံချက် လက်မှတ်ရရှိရန် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် ဦးစီးဌာနသို့ လျှောက်ထားရမည်။ ထိုသို့လျှောက်ထားရာတွင် အောက်ပါ စာရွက်စာတမ်းများ ကို ပူးတွဲတင်ပြရမည်-

(၁) ဦးစီးဌာန၏ စည်းကမ်းချက်များကို သိရှိလိုက်နာမည်ဖြစ်ကြောင်း ကတိခံ ဝန်ချက်၊

(၂) တင်ပို့မည့် အေးခဲအသား၊ အသားခြောက်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာများ ဝယ်ယူစုဆောင်းမှု အခြေအနေအား ဝယ်ယူစုဆောင်း မှုဆိုင်ရာ အထောက်အထား (လိုင်စင်စီ၊ စည်ပင် ထောက်ခံစာ သို့မဟုတ် ပစ္စည်းဝယ်ယူမှု ဘောက်ချာမိတ္တူ)၊

(၃) ကုန်ပစ္စည်းအမှာလွှာ (Proforma Invoice)၊

(၄) အရောင်း အဝယ် သဘောတူစာချုပ် (Sales Contract)၊

(၅) သက်ဆိုင်ရာ လုပ်ငန်းအလိုက် ဦးစီးဌာနက ထုတ်ပေးသောခွင့်ပြုလက်မှတ်၊

(၆) ယခင်တင်ပို့ပြီးစီးမှုအထောက်အထား (ED– Export Declaration) မိတ္တူ။

( ခ ) တင်ပို့မည့် အေးခဲအသား၊ အသားခြောက်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာများ ထားရှိရာနေရာသို့ ဦးစီးဌာန၏ စစ်ဆေးရေးမှူး သို့မဟုတ် စစ်ဆေးရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးမှုကို ခံယူရမည်။

**အေးခဲအသား၊ အသားခြောက်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာများ တင်ပို့သူက လိုက်နာရမည့် စည်းကမ်းချက်များ**

၃။ အေးခဲအသား၊ အသားခြောက်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာများ တင်ပို့သူသည် အောက်ပါတို့ကို လိုက်နာရမည် –

(က) ဦးစီးဌာနကထုတ်ပေးသော ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ်ပြား (Smart Card) ရှိရမည်။

( ခ ) တင်ပို့သူသည် သက်ဆိုင်ရာလုပ်ငန်းအလိုက် ဦးစီးဌာနက ထုတ်ပေးထားသော ခွင့်ပြုလက်မှတ်ရှိရမည်။

( ဂ ) ပြည်ပမှ အေးခဲအသားများတင်သွင်း၍ ပြည်ပသို့ အသားခြောက်တင်ပို့သူ သည် ဦးစီးဌာန၏ သတ်မှတ်ခွင့်ပြုထားသည့် ပမာဏအတိုင်းသာ တင်သွင်းရမည်။ တင်သွင်းလာသည့် အေးခဲအသားအမျိုးအစားနှင့် ပမာဏအားလုံးကို အသားခြောက် ပြုလုပ်၍ ပြည်ပသို့ တင်ပို့ရမည်။

(ဃ) ပြည်တွင်း၌ ထုတ်လုပ်၍ ဖြစ်စေ၊ ဝယ်ယူစုဆောင်း၍ဖြစ်စေ ပြည်ပသို့အေးခဲ အသား သို့မဟုတ် အသားခြောက်တင်ပို့သူသည် ဦးစီးဌာနက သတ်မှတ်ခွင့်ပြုထား သည့် ပမာဏအတိုင်းသာ တင်ပို့ရမည်။

( င ) အသားဝယ်ယူစုဆောင်းမှုဆိုင်ရာ အထောက်အထားခိုင်လုံစွာ တင်ပြရမည်။

( စ ) အေးခဲအသား၊ အသားခြောက်များသည် လျှောက်ထားစဉ်တွင် ဖော်ပြထားသည့် ပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်နှင့် ကိုက်ညီရမည်။

(ဆ) တင်ပို့မည့်အေးခဲအသား၊ အသားခြောက်ပမာဏ၏ ကိုယ်စားပြုနမူနာကို ရောဂါ ကင်းရှင်းမှု ရှိ မရှိ စစ်ဆေးနိုင်ရန် ဓာတ်ခွဲခန်းသို့ ပေးပို့ရမည်။

( ဇ ) စက်ရုံ၊ သိုလှောင်ရုံနေရာသည် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန်နှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်နိုင်ရန် စီမံဆောင်ရွက်ထားရှိရမည်။

( ဈ ) ဦးစီးဌာနက သတ်မှတ်ထားသော အခကြေးငွေများကို ပေးသွင်းရမည်။

(ည) အေးခဲအသား၊ အသားခြောက်၊ တိရစ္ဆာန်ထွက်ပစ္စည်းနှင့် တိရစ္ဆာန်အစာများ တင်ပို့မည့်အချိန်တွင် သက်ဆိုင်ရာမြို့နယ်မှူး သို့မဟုတ် စစ်ဆေးရေးအဖွဲ့သို့ သတင်းပေးပို့၍ စစ်ဆေးမှုခံယူပြီး ပြည်ပထွက်ခွာခွင့်ပုံစံတွင် စစ်ဆေးသူမှ လက်မှတ်ရေးထိုးပြီးမှသာ ထွက်ခွာရမည်။

( ဋ ) တင်ပို့ရာ လမ်းကြောင်း တစ်လျှောက်ရှိ စစ်ဆေးရေးစခန်းများတွင်လည်း စစ်ဆေးမှုကိုခံယူ၍ ပြည်ပသို့ထွက်ခွာရာ ထွက်ပေါက်ရှိ ဦးစီးဌာနတာဝန်ရှိသူ သို့မဟုတ် မြို့နယ်ဦးစီးမှူးအား သတင်းပေးပို့ရမည်။

( ဌ ) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်လက်မှတ် သက်တမ်းအတွင်း ပြည်ပသို့ တင်ပို့ရန်နှင့်သက်တမ်းကာလအတွင်း တင်ပို့နိုင်ခြင်းမရှိပါကအဆိုပါ ထောက်ခံချက်လက်မှတ် ပျက်ပြယ်မည်။

၄။ အထက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ပါကဥပဒေအရ အရေးယူခြင်းခံရမည်။

**အေးခဲအသား၊ အသားခြောက်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာများ ပြည်ပသို့ တင်ပို့ခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ လုပ်ငန်းစဉ်များ**

၅။ ဦးစီးဌာန၏ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်လက်မှတ်ရရှိရန် ကုန်သွယ်မှုဆိုင်ရာဝန်ဆောင်မှုရုံးအဖွဲ့သို့ သတ်မှတ်စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပို့သူက လျှောက်ထားလာမှုကို စိစစ်လက်ခံခြင်း၊

( ခ ) ပစ္စည်းများထားရှိရာနေရာသို့ ဦးစီးဌာန၏ စစ်ဆေးရေးမှူး သို့မဟုတ် စစ်ဆေးရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးမှုကို ခံယူစေခြင်းနှင့် နမူနာပစ္စည်းရယူ၍ ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးစေခြင်း၊

( ဂ ) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း တင်သွင်းတင်ပို့ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ အတည်ပြုချက်ဖြင့် ကုန်သွယ်ရေးဦးစီးဌာနသို့ တိရစ္ဆာန် ကျန်းမာရေးဆိုင်ရာ သဘောထားမှတ်ချက်ထုတ်ပေးခြင်း၊

(ဃ) နယ်စပ်စစ်ဆေးရေးစခန်းတွင် ဦးစီးဌာနကထုတ်ပေးထားသော စာရွက်စာတမ်း အထောက်အထားများကို သိမ်းဆည်းခြင်း၊

(င) အေးခဲအသား၊ အသားခြောက်၊ တိရစ္ဆာန်ထွက်ပစ္စည်း သို့မဟုတ် တိရစ္ဆာန်အစာ များတင်ပို့မှုနှင့် အကျိုးဝင်သက်ဆိုင်သူများ၏ အစည်းအဝေး (Stakeholder meeting) ကို မျှော်မှန်းမထားသည့် အရေးကြီးကိစ္စ ပေါ်ပေါက်သော ကာလမှ လွဲ၍ (၃)လ တစ်ကြိမ် ပုံမှန်ညှိနှိုင်း ဆွေးနွေးခြင်း။

၆။ GACC တွင် မှတ်ပုံတင်နိုင်ရေးအတွက် လုပ်ငန်းရှင်များမှ တင်ပြလျှောက်ထားရာတွင် Reject ထိခြင်း၊ ပြန်လည်ပြင်ဆင်ရန်လိုအပ်ခြင်း၊ စာရွက်စာတမ်းများထပ်မံ တင်ပြရန် လိုအပ်ခြင်းစသည့် ကိစ္စရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ Competant Authority များမှ ပေါင်းစပ်ညှိနှိုင်း၍ မှတ်ပုံတင်သည့် လုပ်ငန်းပြီးစီး အောင်မြင်သည့်အထိ GACC နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

## ပြည်ပသို့ ကျွဲ၊ နွားများ တင်ပို့ခြင်း

## ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ်ပြား(Smart Card)ထုတ်ပေးရန် လျှောက်ထားခြင်း

၁။ တင်သွင်းသူနှင့် တင်ပို့သူတို့သည် တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း သို့မဟုတ် တိရစ္ဆာန်သုံးဆေးဝါး တစ်ခုခုကိုတင်ပို့ခြင်း၊ တင်သွင်းခြင်း သို့မဟုတ် တစ်ဆင့်ဖြတ်သန်း ကုန်သွယ်မှုပြုခြင်းတို့ ပြုလုပ်နိုင်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ်ပြား (Smart Card) ထုတ်ပေး ရန် ဦးစီးဌာနသို့ ကိုယ်တိုင် ကနဦး လျှောက်ထားရယူရမည်။ ထိုသို့လျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်း အထောက်အထားများကို ပူးတွဲတင်ပြရမည် –

(က) လျှောက်လွှာ[ပုံစံ ကသ–၁]၊

( ခ ) ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် မူရင်း၊

( ဂ ) ပို့ကုန်သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်မူရင်း (Certificate of Exporter/ Impoter Registration)၊

(ဃ) ကုမ္ပဏီ၌ တာဝန်ရှိသူဖြစ်ကြောင်း အထောက်အထား (Profile or Company Extract)၊

( င ) ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် ကိုယ်စားလှယ် ထားရှိဆောင်ရွက်မည်ဆိုပါက ကိုယ်စားလှယ်အဖြစ် လွှဲအပ်ကြောင်း ကုမ္ပဏီဒါရိုက်တာအဖွဲ့ ဆုံးဖြတ်ချက်နှင့် ကိုယ်စားလှယ်၏ အမည်နှင့် လိပ်စာ။

### ရည်ရွယ်ချက်

၂။ ကျွဲ၊ နွား ကုန်သွယ်မှု မူဝါဒအဖြစ် "ကုန်သည်မှ မွေးမြူသူသို့၊ မွေးမြူသူမှ ကုန်သည် သို့" ဟု ချမှတ်ဆောင်ရွက်လျက်ရှိရာ ပြည်ပသို့ ကျွဲ၊ နွားများ တင်ပို့ခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ကျွဲ၊ နွားတင်ပို့သည့် ကုန်သည်နှင့်ကျွဲ၊ နွားမွေးမြူသူတို့ အတူတကွ ဆက်သွယ်ပူးပေါင်း ဆောင်ရွက်၍ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်၊

( ခ ) ကျွဲ၊ နွားများကို ပြည်ပသို့ တရားဝင် တင်ပို့ခွင့်ပြုခြင်းဖြင့် တရားမဝင် ကုန်သွယ်မှု လျော့နည်းစေပြီး နိုင်ငံတော်ဝင်ငွေ ပိုမိုတိုးတက်လာစေရန်၊

( ဂ ) နယ်စပ်ဖြတ်ကျော်ကူးစက်ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရန်။

### ကျွဲ၊ နွား တင်ပို့သူ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်းများ

၃။ ကျွဲ၊ နွား တင်ပို့သူ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ –

(က) ကျွဲ၊ နွား ကိုယ်တိုင်မွေး သို့မဟုတ် မွေးဖက်ပေးစနစ်ဖြင့် မွေးမြူထားသော ကျွဲ၊ နွားအမများကို စစ်ဆေးအတည်ပြု၍ တိရစ္ဆာန်အမှတ်အသား တပ်ဆင် ပေးရန် အောက်ပါ လျှောက်လွှာပုံစံများဖြင့် ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှု ရုံးအဖွဲ့ (OSS)သို့ လျှောက်ထားရမည် –

(၁) လျှောက်လွှာ[ပုံစံ – ကသ(၂)]၊

(၂) စစ်ဆေးအတည်ပြုပေးစေလိုသော နားကပ်တပ်ဆင်မည့် ကျွဲ၊ နွားအမ ကြီးစာရင်း၊ လျှောက်လွှာ [ပုံစံ –ကသ(၂)(က)]၊

(၃) ကျွဲ၊ နွားများကို ကိုယ်တိုင်မွေးမြူခြင်း သို့မဟုတ် မွေးဖက်ပေးမွေးမြူ ခြင်း အတွက် ကိုယ်တိုင်ဝန်ခံချက်၊ မွေးမြူထားရှိမှုအပေါ် သက်ဆိုင်ရာ ရပ်မိ ရပ်ဖနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး သို့မဟုတ် ရာအိမ်မှူး တို့၏ ထောက်ခံချက် [ပုံစံ– ကသ(၃)]။

( ခ ) ပြည်ပတင်ပို့မည့် ကျွဲ၊နွားများကို ခွာနာလျှာနာရောဂါကာကွယ် ထိန်းချုပ်ဇုန် အတွင်းရှိ စုဆောင်းခြံသို့ သယ်ဆောင်ရာတွင် ပြည်တွင်းသယ်ဆောင်ခြင်း ဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ရမည်။

( ဂ ) စုဆောင်းခြံတွင်စုဆောင်းပြီးသော ပြည်ပတင်ပို့မည့် ကျွဲ၊ နွားများအား ကျန်းမာ ရေးစစ်ဆေးပေးရန် လျှောက်လွှာပုံစံ– ကသ (၄)ဖြင့် ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုရုံး အဖွဲ့ (OSS) သို့ လျှောက်ထားရမည်။

(ဃ) ဦးစီးဌာနကထုတ်ပေးသော တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ သဘောထားမှတ် ချက်ရရှိပါက အဆိုပါသဘောထားမှတ်ချက်နှင့်အတူ ကုန်သွယ်ရေးဦးစီးဌာနသို့ ပို့ကုန် လိုင်စင်လျှောက်ထားရမည်။

( င ) ပို့ကုန်လိုင်စင်ရရှိပါက ပြည်ပတင်ပို့မည့်လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ကျွဲ၊ နွားများအား ခွာနာလျှာနာရောဂါ ကာကွယ်ထိန်းချုပ်ဇုန် အတွင်းရှိ စုဆောင်းခြံ တွင် သတ်မှတ်ကာလအထိ ထားရှိရမည်။

( စ ) ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန်အတွင်းရှိ ကျွဲ၊ နွား စုဆောင်းခြံမှ ခွာနာ လျှာနာ ရောဂါကင်းရှင်းဇုန်အတွင်းရှိ တိရစ္ဆာန်ထိန်း သိမ်းစောင့်ကြည့်စစ် ဆေးရေးစခန်း [Animal Quarantine Station (AQS)] သို့ ထွက်ခွာခွင့်ပုံစံ [ပုံစံ–ကသ(၇)] ဖြင့် သယ်ဆောင်ရမည်။

(ဆ) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း [Animal Quarantine Station (AQS)]တွင်သတ်မှတ်ကာလအထိ ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးခံ၍ ပြည်ပသို့ တင်ပို့ရမည်။

**ကျွဲ၊ နွား တင်ပို့သူက လိုက်နာရမည့် စည်းကမ်းချက်များ**

၄။ ကျွဲ၊ နွားများကို ပြည်ပသို့ တင်ပို့သူသည် အောက်ပါတို့ကို လိုက်နာရမည် –

(က) ဦးစီးဌာနက ထုတ်ပေးသော ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ်ပြား (Smart Card) ရှိရမည်။

( ခ ) ကျွဲ၊ နွားအမကြီးများ (အသက် ၃–၈ နှစ်ရှိ သားမွေးနိုင်သော အမ)ကို ဦးစီးဌာန က သတ်မှတ်ထားသော ကိုယ်တိုင်မွေး သို့မဟုတ် မွေးဖက်ပေး မွေးမြူခြင်း စနစ် တစ်မျိုးဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ မွေးမြူထားရှိရမည်။

( ဂ ) မွေးမြူထားသည့် ကျွဲ၊ နွားအမကြီးများကို ဦးစီးဌာနတွင် စစ်ဆေးအတည် ပြု၍ သတ်မှတ်ထားသော တိရစ္ဆာန်အမှတ်အသား တပ်ဆင်မှုကို ခံယူရမည်။ တပ်ဆင်ပြီးသော တိရစ္ဆာန်အမှတ်အသားကို စီမံချက်ကာလအတွင်း ဖြုတ်လျှင် ကုန်သွယ်မှုအတွက် ဆောင်ရွက်ထားသည့် အချက်များ ပျက်ပြယ်စေရမည်။

(ဃ) မွေးဖက်ပေးစနစ်ဖြင့် မွေးမြူထားရှိပါက နှစ်ဖက်သဘောတူစာချုပ် တင်ပြ နိုင်ရမည်။

( င ) ကျွဲ၊ နွားစုဆောင်းခြံကို မွေးမြူရေးခြံနှင့် သီးခြားတည်ဆောက်ထားရမည်။

( စ ) စုဆောင်းခြံအတွင်းရှိ အဆောက်အဦ တစ်ခုလျှင် ကုမ္ပဏီတစ်ခု၏ ကျွဲနှင့်နွား များကို အသုတ်လိုက် သီးခြားစီ စုဆောင်းထားရှိရမည်။

(ဆ) သတ်မှတ်ထားသော တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးထိုးနှံရမည်။

( ဇ ) ရောဂါစစ်ဆေးနိုင်ရန်အတွက် နမူနာပစ္စည်း ရယူခြင်းကို ခံယူရမည်။

( ဈ ) ကျွဲ၊ နွားများကို ပြည်ပသို့တင်ပို့ရန် ရည်ရွယ်၍ ပြည်တွင်း ဝယ်ယူစုဆောင်း ရာတွင် ကျွဲ၊ နွားများပြည်တွင်း သယ်ဆောင်ခြင်းဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက် များအတိုင်း သယ်ဆောင် စုဆောင်းရမည်။

(ည) ပြည်ပသို့ တင်ပို့မည့် ကျွဲနွားများကို တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေး စခန်းသို့ သယ်ဆောင်ချိန်ထိ ကျွဲ၊ နွားစုဆောင်းခြံအတွင်းတွင်သာ ထားရှိရမည်။

( ဋ ) ဦးစီးဌာနက သတ်မှတ်ခွင့်ပြုထားသည့် ကျွဲ၊ နွား များကိုသာ တင်ပို့ရမည်။

( ဌ ) ပြည်ပသို့ တင်ပို့ရန် ကျန်းမာရေးစစ်ဆေးပြီးသည့် သတ်မှတ်ပေးထားသော ကောင်ရေကိုသာ တင်ပို့ရမည်။

( ဍ ) ပြည်ပတင်ပို့မည့် ကျွဲ၊ နွားများအားသတ်မှတ်ထားသော တိရစ္ဆာန်အမှတ်အသား တပ်ဆင်ပေးမှုကို ခံယူရမည်။ ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းစဉ်မပြီးဆုံးမီ ကာလအတွင်း မူလတပ်ဆင်ထားသော တိရစ္ဆာန်အမှတ်အသား ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း စသည်တို့ ဖြစ်ပေါ်ပါက ဦးစီးဌာနသို့ သတင်းပို့ရမည်ဖြစ်ပြီး သတင်းပို့ရန် ပျက်ကွက်ပါကကုန်သွယ်မှုအတွက် ဆောင်ရွက်ထားသည့်အချက်များ ပျက်ပြယ်စေရမည်။

( ဎ ) ပို့ကုန်လိုင်စင်ရရှိပြီးပါက ဦးစီးဌာန (ရုံးချုပ်)သို့ ပို့ကုန်လိုင်စင် မိတ္တူ ပေးပို့ရ မည်။

(ဏ) နယ်စပ်စစ်ဆေးရေးစခန်းရှိ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေး စခန်း [Animal Quarantine Station (AQS)]တွင် သတ်မှတ်ကာလအထိ ထားရှိ စစ် ဆေးခြင်းကို ခံယူရမည်။

(တ) ဦးစီးဌာနက သတ်မှတ်ထားသော အခကြေးငွေများကို ပေးသွင်းရမည်။

(ထ) ကျွဲ၊ နွားများကို ပြည်ပသို့တင်ပို့ရန် သယ်ဆောင်ရာတွင် ကုန်သွယ်ရေးဦးစီး ဌာနက ထုတ်ပေးသော ပို့ကုန်လိုင်စင်မူရင်း၊ ဦးစီးဌာန(ရုံးချုပ်)က ထုတ်ပေးသော တိရစ္ဆာန် ကျန်းမာရေးထောက်ခံချက်လက်မှတ် (Veterinary Health Certificate) နှင့် ခွာနာလျှာနာထိန်းချုပ်ဇုန်အတွင်းရှိ စုဆောင်းခြံမှ ခွာနာ လျှာနာ ကင်းရှင်းဇုန် အတွင်းရှိ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေး စခန်းသို့ သယ်ဆောင်ခွင့် လက်မှတ် [ပုံစံ-ကသ(၇) ]မူရင်းတို့ပါရှိရမည်။

( ဒ ) တိရစ္ဆာန်များကိုသယ်ဆောင်ရာတွင် Animal Welfare ဆိုင်ရာ သတ်မှတ်ချက် များ နှင့်ကိုက်ညီမှုရှိရမည်။

( ဓ ) တိရစ္ဆာန် ကျန်းမာရေးထောက်ခံချက်လက်မှတ်သက်တမ်းအတွင်း ပြည်ပသို့ တင်ပို့ရန်နှင့် သက်တမ်းကာလအတွင်းတင်ပို့နိုင်ခြင်း မရှိပါက အဆိုပါထောက်ခံ ချက်လက်မှတ် ပျက်ပြယ်မည်။

( န ) အကြောင်းတစ်စုံတစ်ရာကြောင့် ခွာနာလျှာနာရောဂါထိန်းချုပ်ဇုန် အတွင်းရှိ ကျွဲ၊ နွားစုဆောင်းခြံမှ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းသို့ သယ်ဆောင်

နိုင်ခြင်း မရှိပါက ခိုင်လုံသော အကြောင်းပြချက်ဖော်ပြ၍ ထွက်ခွာခွင့်ပုံစံကို ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်ဖြစ်ပြီး ဦးစီးဌာနက ညွှန်ကြားသည့်အတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

၅။ အထက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ပါက ဥပဒေအရ အရေးယူခြင်းခံရမည်။

## ကျွဲ၊ နွား တင်ပို့ခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ လုပ်ငန်းစဉ်များ

၆။ ဦးစီးဌာန၏ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) "ကုန်သည်မှ မွေးမြူသူသို့" မူဝါဒအရ ကိုယ်တိုင်မွေး သို့မဟုတ် မွေးဖက်ပေး ကျွဲ၊ နွား အမကြီးများမွေးမြူထားရှိမှုကို စစ်ဆေးအတည်ပြု၍ သတ်မှတ်ထားသော တိရစ္ဆာန်အမှတ်အသား တပ်ဆင်ပေးနိုင်ပါရန် ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုရုံးအဖွဲ့သို့ တင်ပို့သူက လျှောက်ထားလာမှုကို စိစစ်လက်ခံခြင်း၊

( ခ ) ကိုယ်တိုင်မွေး သို့မဟုတ် မွေးဖက်ပေးစနစ်ဖြင့် မွေးမြူထားသော ကျွဲ၊ နွား အမကြီးများအတည်ပြုနိုင်ရန်အတွက် ဦးစီးဌာနကသတ်မှတ်ထားသော တိရစ္ဆာန် အမှတ်အသား တပ်ဆင်ခြင်းကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

( ဂ ) ကိုယ်တိုင်မွေး သို့မဟုတ် မွေးဖက်ပေး ကျွဲ၊ နွား အမကြီးများ မွေးမြူထား ရှိမှုနှင့် စပ်လျဉ်း၍ လျှောက်ထားရာတွင်ပါဝင်သည့် အချက်အလက်များနှင့် မြေပြင်အချက်အလက်များ ကိုက်ညီမှု ရှိ မရှိကို စစ်ဆေးရေးမှူးဖြင့် ဖြစ်စေ၊ စစ်ဆေးရေးအဖွဲ့ဖြင့် ဖြစ်စေ ကွင်းဆင်းစစ်ဆေး၍ အတည်ပြုခြင်း၊

(ဃ) ပြည်ပသို့ တင်ပို့ရန် ကျန်းမာရေးစစ်ဆေးမှုခံယူမည့်ကောင်ရေကို ကိုယ်တိုင် မွေး သို့မဟုတ် မွေးဖက်ပေး ကျွဲ၊ နွား အမကြီးများ မွေးမြူထားရှိသည့် ကောင်ရေ အရ အတည်ပြုသတ်မှတ်ခြင်း၊

( င ) ပြည်ပတင်ပို့မည့် ကျွဲ၊ နွားများကို ခွာနာလျှာနာရောဂါကာကွယ်ထိန်းချုပ်ဇုန်အတွင်းရှိ စုဆောင်းခြံသို့ သယ်ဆောင်ရာတွင် ပြည်တွင်းသယ်ဆောင်ခြင်းဆိုင်ရာ အမိန့်နှင့် ညွှန်ကြားချက်များ အတိုင်း သယ်ဆောင်စေခြင်း။

( စ ) ပြည်ပတင်ပို့မည့် လုပ်ငန်းစဉ်စတင်နိုင်ရန် ကျွဲ၊ နွားများအား ခွာနာလျှာနာ ရောဂါကာကွယ်ထိန်းချုပ်ဇုန်အတွင်းရှိ စုဆောင်းခြံတွင် သတ်မှတ်ကာလအထိ ထားရှိနိုင်ရန်နှင့် တိရစ္ဆာန်ကျန်းမာရေးစစ်ဆေးပေးရန် ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုရုံးသို့ လျှောက်ထားလာမှုကို စိစစ်ခြင်း၊

(ဆ) ပြည်ပတင်ပို့မည့် ကျွဲ၊ နွားများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကာကွယ် ဆေးထိုးနှံထားရှိမှုကိုစစ်ဆေးခြင်း၊ တိရစ္ဆာန်အမှတ်အသားတပ်ဆင်ခြင်း၊ ကျွဲ၊ နွား ကောင်ရေ အတည်ပြုခြင်း၊

( ဇ ) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း တင်သွင်း တင်ပို့ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ အတည်ပြုချက်ဖြင့် ကုန်သွယ်ရေးဦးစီးဌာနသို့ သဘောထားမှတ်ချက်ထုတ်ပေးခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် လက်မှတ်ထုတ်ပေးခြင်း၊

( ဈ ) ခွာနာလျှာနာထိန်းချုပ်ဇုန်အတွင်းရှိ ကျွဲ၊ နွား စုဆောင်းခြံမှ ခွာနာလျှာနာ ကင်းရှင်းဇုန်အတွင်းရှိ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းသို့ သယ်ဆောင်ခွင့် ပုံစံ ထုတ်ပေးခြင်း၊

(ည) တိရစ္ဆာန် ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း [Animal Quarantine Station (AQS)]တွင် သတ်မှတ်ကာလအထိ ထားရှိစစ်ဆေးခြင်းနှင့် တိရစ္ဆာန် ဆေးကုအရာရှိချုပ်၏ ခွင့်ပြုချက်ဖြင့် တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် လက်မှတ် (Veterinary Health Certificate) ထုတ်ပေးခြင်း၊

( ဋ ) ကျွဲ၊ နွားကုန်သွယ်မှုနှင့် အကျိုးဝင်သက်ဆိုင်သူများ၏ အစည်းအဝေး (Stakeholder meeting)ကို မျှော်မှန်းမထားသည့် အရေးကြီးကိစ္စ ပေါ်ပေါက် သောကာလမှလွဲ၍ (၃) လ တစ်ကြိမ် ပုံမှန်ညှိနှိုင်း ဆွေးနွေးခြင်း။

၇။ GACC တွင် မှတ်ပုံတင်နိုင်ရေးအတွက် လုပ်ငန်းရှင်များမှ တင်ပြလျှောက်ထားရာတွင် Reject ထိခြင်း၊ ပြန်လည်ပြင်ဆင်ရန်လိုအပ်ခြင်း၊ စာရွက်စာတမ်းများထပ်မံ တင်ပြရန် လိုအပ်ခြင်းစသည့် ကိစ္စရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ Competant Authority များမှ ပေါင်းစပ်ညှိနှိုင်း၍ မှတ်ပုံတင်သည့် လုပ်ငန်းပြီးစီး အောင်မြင်သည့်အထိ GACC နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

# ပြည်ပသို့ သိုး၊ ဆိတ်များ တင်ပို့ခြင်း

## ရည်ရွယ်ချက်

၁။ ပြည်ပသို့ သိုး၊ ဆိတ်များတင်ပို့ခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) သိုး၊ ဆိတ် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်၊ ပြည် တွင်း စားသုံးမှုကို မထိခိုက်စေဘဲ ဦးစီးဌာန၏မူဝါဒများနှင့်အညီ ပြည်ပသို့ တရားဝင် တင်ပို့ခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေများ ပိုမိုရရှိရန်၊

( ခ ) ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

( ဂ ) နယ်စပ်ဖြတ်ကျော်တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်နိုင်ရန်။

## သိုး၊ ဆိတ် တင်ပို့သူက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

၂။ သိုး၊ ဆိတ် တင်ပို့သူက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ –

(က) ဦးစီးဌာနက ထုတ်ပေးသော ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ်ပြား (Smart Card)ကို အသုံးပြု၍ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် ရရှိရန် ဦးစီး ဌာနသို့ လျှောက်ထားရမည်။ ထိုသို့လျှောက်ထားရာတွင် အောက်ပါစာရွက် စာတမ်းများကို ပူးတွဲတင်ပြရမည်–

(၁) မွေးမြူရေးခြံမှတ်ပုံတင် (AHD/ PC–7) / ယာယီစုဆောင်းခြံမှတ်ပုံတင် မူရင်းနှင့် မိတ္တူ၊

(၂) ကုန်အရောင်းအဝယ်စာချုပ် (Sales Contract) မူရင်းနှင့် မိတ္တူ၊

(၃) ကုန်ပစ္စည်းအမှာလွှာ (Proforma Invoice) မူရင်းနှင့် မိတ္တူ၊

(၄) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းတွင်ထားရှိ၍ ကျန်းမာရေး စစ်ဆေးမှုခံယူမည်ဖြစ်ကြောင်းနှင့် တည်ဆဲဥပဒေများ အား လိုက်နာမည် ဖြစ်ကြောင်းဝန်ခံချက်၊

(၅) လျှောက်ထားသည့် ကောင်ရေအတိုင်း စုဆောင်းထားရှိပြီး ဖြစ်ကြောင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူး၏ ထောက်ခံချက်။

( ခ ) သိုး၊ ဆိတ်များကို ပြည်ပသို့ တင်ပို့နိုင်ရန် ဦးစီးဌာနက ထုတ်ပေးသော တိရစ္ဆာန် ကျန်းမာရေးဆိုင်ရာ သဘောထားမှတ်ချက်နှင့်အတူ ကုန်သွယ်ရေး ဦးစီးဌာနသို့ ပို့ကုန်လိုင်စင် လျှောက်ထားရမည်။

(ဂ) ပို့ကုန်လိုင်စင် ရရှိပါက ဦးစီးဌာနက ထုတ်ပေးသော သယ်ပို့မှုဆိုင်ရာ လမ်းကြောင်းနှင့် စုဆောင်းခြံမှ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးရေး စခန်းသို့ ထွက်ခွာခွင့် ပုံစံရရှိရန် ဆောင်ရွက်ရမည်။

(ဃ) ဦးစီးဌာနက သတ်မှတ်ထားသည့် သယ်ဆောင်ရာ လမ်းကြောင်းရှိ ဦးစီးဌာန ၏ စစ်ဆေးရေးစခန်း (Check Point)များတွင် စစ်ဆေးမှုခံယူရမည်။

(င) တိရစ္ဆာန် ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း [Animal Quarantine Station (AQS)]တွင် သတ်မှတ်ကာလအထိ ကျန်းမာရေးစစ်ဆေးခံခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် ရယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည်။

(စ) နယ်စပ်စစ်ဆေးရေးစခန်းသို့ရောက်ရှိပါက စုဆောင်းခြံမှ တိရစ္ဆာန် ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းသို့ ထွက်ခွာခွင့်ပုံစံနှင့် တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ်တို့ကို ဦးစီးဌာန၏ တာဝန်ခံထံတွင် ပြန်လည်အပ်နှံရမည်။

**သိုး၊ ဆိတ် တင်ပို့သူက လိုက်နာရမည့် စည်းကမ်းချက်များ**

၃။ ပြည်ပသို့ သိုး၊ ဆိတ် တင်ပို့သူသည် အောက်ပါတို့ကို လိုက်နာရမည် –

(က) ဦးစီးဌာနကထုတ်ပေးသော ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ်ပြား (Smart Card) ရှိရမည်။

(ခ) ပြည်ပသို့တင်ပို့ရန် တစ်ကြိမ်လျှင် အများဆုံး(၁၀၀၀)ကောင်သာ လျှောက်ထားရမည်။

(ဂ) ယာယီစုဆောင်းခြံ တစ်ခုလျှင် ကုမ္ပဏီ(၁)ခု၏ သိုး၊ ဆိတ်များသာ စုဆောင်းရမည်။

(ဃ) ပြည်ပတင်ပို့မည့် သိုး၊ ဆိတ်များကို ဦးစီးဌာနကသတ်မှတ်ထားသော တိရစ္ဆာန် အမှတ်အသား တပ်ဆင်ရမည်။

(င) ဦးစီးဌာနက သတ်မှတ်ထားသော အခကြေးငွေများကို ပေးသွင်းရမည်။

(စ) သတ်မှတ်ထားသော တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးထိုးနှံရမည်။

(ဆ) ရောဂါစစ်ဆေးနိုင်ရန်အတွက် နမူနာပစ္စည်းရယူခြင်းကို ခံယူရမည်။

(ဇ) အလေးချိန်(၂၀) ကီလိုအထက် သိုး၊ ဆိတ်များကိုသာ ပြည်ပသို့ တင်ပို့ခွင့်ပြုမည်။

( ဈ ) သင်းကွပ်ထားပြီးသော သိုး၊ ဆိတ်အထီးများကိုသာ တင်ပို့ရမည်။

(ည) လျှောက်ထားသည့် အရေအတွက်ပြည့်မီမှသာ သတ်မှတ်ထားသော တိရစ္ဆာန် အမှတ်အသား တပ်ဆင်ရမည်။

( ဋ ) ပို့ကုန်လိုင်စင်ရရှိပြီးပါက ဦးစီးဌာန(ရုံးချုပ်)သို့ ပို့ကုန် လိုင်စင်မိတ္တူ ပေးပို့ရ မည်။

( ဌ ) တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် (AHD/ PC-3) ပေါင်းချုပ်သက်တမ်း အတွင်း ပြည်ပသို့ တင်ပို့ရမည်။

( ဍ ) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းတွင် သတ်မှတ်ကာလအထိ ထိန်းသိမ်းစောင့်ကြည့် စစ်ဆေးမှုခံယူ၍ တိရစ္ဆာန် ကျန်းမာရေးထောက်ခံချက် လက်မှတ် ရယူရမည်။

( ဎ ) တိရစ္ဆာန်များကိုသယ်ဆောင်ရာတွင် Animal Welfare ဆိုင်ရာသတ်မှတ်ချက် များ နှင့်ကိုက်ညီမှုရှိရမည်။

(ဏ) တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် သက်တမ်းအတွင်း ပြည်ပသို့ တင်ပို့ရန်နှင့် သက်တမ်းကာလအတွင်းတင်ပို့နိုင်ခြင်း မရှိပါက အဆိုပါ ထောက်ခံ ချက်လက်မှတ် ပျက်ပြယ်မည်။

၄။ အထက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ပါကဥပဒေအရ အရေးယူ ခြင်းခံရမည်။

**သိုး၊ ဆိတ် တင်ပို့ခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ လုပ်ငန်းစဉ်များ**

၅။ ဦးစီးဌာန၏ လုပ်ငန်းစဉ်များမှာ အောက်ပါ အတိုင်းဖြစ်သည် -

(က) တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ်ရရှိရန် ကုန်သွယ်မှုဆိုင်ရာဝန်ဆောင်မှုရုံးအဖွဲ့သို့ သတ်မှတ်စာရွက်စာတမ်းအထောက် အထားများဖြင့် တင်ပို့သူက လျှောက်ထားလာမှုကို စိစစ်လက်ခံခြင်း၊

( ခ ) တင်ပို့သူက လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ပြီး စစ်ဆေးရေးမှူးဖြင့် ဖြစ်စေ၊ စစ်ဆေးရေးအဖွဲ့ဖြင့် ဖြစ်စေ ကွင်းဆင်း စစ်ဆေးခြင်း၊

( ဂ ) ဦးစီးဌာနက ပြည်ပသို့ တင်ပို့မည့် သိုး၊ ဆိတ်အရှင်များကို ကျန်းမာရေး စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်း၊ အတည်ပြုအမှတ် အသားတပ်ဆင် ခြင်းနှင့် တိရစ္ဆာန် ကျန်းမာရေးထောက်ခံချက်လက်မှတ် (AHD/ PC-3) ထုတ် ပေးခြင်း၊

(ဃ) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်း တင်သွင်းတင်ပို့ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ အတည်ပြုချက်နှင့် ကုန်သွယ်ရေးဦးစီးဌာနသို့ တိရစ္ဆာန် ကျန်းမာရေးဆိုင်ရာ သဘောထားမှတ်ချက် ထုတ်ပေးခြင်း၊

( င ) သို့၊ ဆိတ် သယ်ဆောင်ရာလမ်းကြောင်းသတ်မှတ်၍ စုဆောင်းခြံမှ တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းသို့ ထွက်ခွာခွင့်ပုံစံ ထုတ်ပေးခြင်း၊

( စ ) သယ်ဆောင်ရာ လမ်းကြောင်းရှိ စစ်ဆေးရေးစခန်းများတွင် စစ်ဆေးခြင်း၊

(ဆ) တိရစ္ဆာန်ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်း [Animal Quarantine Station (AQS)]တွင် သတ်မှတ်ကာလအထိထိန်းသိမ်းစောင့်ကြည့် စစ်ဆေးခြင်းနှင့် တိရစ္ဆာန် ကျန်းမာရေးထောက်ခံချက်လက်မှတ် ထုတ်ပေးခြင်း၊

( ဇ ) နယ်စပ်စစ်ဆေးရေးစခန်းတွင် ဦးစီးဌာနက ထုတ်ပေးထားသော တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ်နှင့် စုဆောင်းခြံမှတိရစ္ဆာန် ထိန်းသိမ်းစောင့်ကြည့်စစ်ဆေးရေးစခန်းသို့ ထွက်ခွာခွင့်ပုံစံတို့ကို သိမ်းဆည်းခြင်း။

( ဈ ) သို့၊ ဆိတ် ကုန်သွယ်မှုနှင့် အကျိုးဝင်သက်ဆိုင်သူများ၏ အစည်းအဝေး (Stakeholder meeting)ကို မျှော်မှန်းမထားသည့် အရေးကြီးကိစ္စ ပေါ်ပေါက်သော ကာလမှလွဲ၍ (၃) လ တစ်ကြိမ် ပုံမှန်ညှိနှိုင်း ဆွေးနွေးခြင်း။

၆။ GACC တွင် မှတ်ပုံတင်နိုင်ရေးအတွက် လုပ်ငန်းရှင်များမှ တင်ပြလျှောက်ထားရာတွင် Reject ထိခြင်း၊ ပြန်လည်ပြင်ဆင်ရန်လိုအပ်ခြင်း၊ စာရွက်စာတမ်းများထပ်မံ တင်ပြရန်လိုအပ်ခြင်းစသည့် ကိစ္စရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ Competant Authority များမှ ပေါင်းစပ်ညှိနှိုင်း၍ မှတ်ပုံတင်သည့် လုပ်ငန်းပြီးစီး အောင်မြင်သည့်အထိ GACC နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

# ပြည်ပသို့ ပျားရည် တင်ပို့ခြင်း

## ရည်ရွယ်ချက်

၁။ ပြည်ပသို့ ပျားရည်တင်ပို့ခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပျားရည်ကို ဦးစီးဌာန၏မူဝါဒနှင့်အညီ ပြည်ပသို့ တင်ပို့ခွင့်ပြုခြင်းဖြင့် နိုင်ငံတော် ဝင်ငွေ ပိုမိုတိုးတက်လာစေရန်၊

( ခ ) ပြည်တွင်း ပျားမွေးမြူမှုဖွံ့ဖြိုးတိုးတက်စေရန်၊

( ဂ ) အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရန်၊

(ဃ) ပျားရောဂါနှင့်စပ်လျဉ်း၍ ကာကွယ်ထိန်းချုပ်နိုင်ရန်။

## ပျားရည်တင်ပို့သူက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

၂။ ပျားရည် တင်ပို့သူက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ -

(က) ဦးစီးဌာနက ထုတ်ပေးသော ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ်ပြား (Smart Card)ကို အသုံးပြု၍ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထောက်ခံချက် လက်မှတ် ရရှိရန် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် ဦးစီးဌာနသို့ လျှောက်ထား ရမည်။ ထိုသို့လျှောက်ထားရာတွင် အောက်ပါစာရွက်စာတမ်းများကို ပူးတွဲတင်ပြ ရမည်-

(၁) ဦးစီးဌာန၏ စည်းကမ်းချက်များကို သိရှိလိုက်နာမည် ဖြစ်ကြောင်း ကတိခံဝန်ချက်၊

(၂) ပျားရည် ဝယ်ယူစုဆောင်းမှု မှတ်တမ်း၊

(၃) ပစ္စည်းများသိုလှောင် ထားရှိသည့်နေရာ၊

(၄) ကုန်ပစ္စည်းအမှာလွှာ (Proforma Invoice)၊

(၅) အရောင်းအဝယ် သဘောတူစာချုပ် (Sales contract)၊

(၆) ပျားရည်သန့်စင်ထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ် (Honey Processing Registration Card ) မိတ္တူ၊

(၇) ယခင်တင်ပို့ပြီးစီးမှုအထောက်အထား (ED– Export Declaration) မိတ္တူ။

**ပျားရည် တင်ပို့သူက လိုက်နာရမည့် စည်းကမ်းချက်များ**

၃။ ပြည်ပသို့ ပျားရည် တင်ပို့သူသည် အောက်ပါတို့ကို လိုက်နာရမည် –

(က) ဦးစီးဌာနကထုတ်ပေးသော ကုန်သွယ်မှုဆိုင်ရာ အသိအမှတ်ပြုကတ်ပြား (Smart Card) ရှိရမည်။

( ခ ) တင်ပို့လိုသူများသည် ဦးစီးဌာနကထုတ်ပေးသော ပျားရည်သန့်စင်ထုတ်လုပ်ခြင်း လုပ်ငန်း ခွင့်ပြုလက်မှတ် (Honey Processing Registration Card) ရရှိထားသည့် ပျားရည်သန့်စင်စက်ရုံတွင်သာ ပျားရည်ကို သန့်စင်ရမည်။

( ဂ ) တင်ပို့မည့်ပျားရည်များနှင့် သိုလှောင်ရုံကို ဦးစီးဌာန၏ ကွင်းဆင်းစစ်ဆေးမှု နှင့် ဓါတ်ခွဲခန်းနမူနာပစ္စည်း ကောက်ယူမှုကို ခံယူရမည်။

(ဃ) ပျားရည်ဝယ်ယူစုဆောင်းမှုဆိုင်ရာပုံစံ (Honey Collection Form) အထောက် အထားများကို ဦးစီးဌာန၏ သက်ဆိုင်ရာမြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေး တာဝန်ခံ ရုံးနှင့် တင်ပို့ရန်လျှောက်ထားသည့် ကုမ္ပဏီရုံးခန်းတွင် ထားရှိရမည်။

( င ) ပျားရည်တင်ပို့ရာတွင် လျှောက်ထားစဉ်က ဖော်ပြထားသည့် ပျားရည်အမျိုးအစား၊ အလေးချိန်ပမာဏ၊ ထုပ်ပိုးမှုပုံစံတို့နှင့် ကိုက်ညီမှုရှိရမည်။

( စ ) ဦးစီးဌာနက သတ်မှတ်ထားသော အခကြေးငွေများကို ပေးသွင်းရမည်။

(ဆ) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်လက်မှတ် သက်တမ်းကာလ အတွင်း သာ တင်ပို့ရမည်။

( ဇ ) နယ်စပ်ကုန်သွယ်ရေးမှတဆင့် တင်ပို့ခြင်းဖြစ်ပါက သက်ဆိုင်ရာနယ်စပ် ထွက် ပေါက် စစ်ဆေးရေးစခန်းများတွင် စစ်ဆေးမှုခံယူပြီးမှသာ ပြည်ပသို့ ထွက်ခွာ ရမည်။

( ဈ ) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်လက်မှတ် သက်တမ်းအတွင်း ပြည်ပသို့ တင်ပို့ရန်နှင့် သက်တမ်းကာလအတွင်း တင်ပို့နိုင်ခြင်းမရှိပါက အဆိုပါ ထောက်ခံချက် လက်မှတ်ပျက်ပြယ်မည်။

၄။ အထက်ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ပါကဥပဒေအရ အရေးယူ ခြင်းခံရမည်။

**ပျားရည် တင်ပို့ခြင်းနှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ လုပ်ငန်းစဉ်များ**

၅။ ဦးစီးဌာန၏ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်လက်မှတ် ရရှိရန် ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုရုံးအဖွဲ့သို့ သတ်မှတ်စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပို့သူက လျှောက်ထားလာမှုကို စိစစ်လက်ခံခြင်း၊

(ခ) တင်ပို့မည့်ပျားရည်များနှင့် သိုလှောင်ရုံကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် ဓါတ်ခွဲ ခန်းနမူနာပစ္စည်းကောက်ယူခြင်း၊

(ဂ) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းတင်သွင်းတင်ပို့ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏အတည်ပြုချက်ဖြင့် ကုန်သွယ်ရေးဦးစီးဌာနသို့ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ သဘောထားမှတ်ချက်ထုတ်ပေးခြင်း၊

(ဃ) နယ်စပ်စစ်ဆေးရေးစခန်းများတွင်စစ်ဆေးခြင်း၊

(င) ပျားရည်တင်ပို့မှုနှင့် အကျိုးဝင်သက်ဆိုင်သူများ၏ အစည်းအဝေး (Stakeholder meeting) ကို မျှော်မှန်းမထားသည့် အရေးကြီးကိစ္စပေါ်ပေါက်သော ကာလမှလွဲ၍ (၆)လ တစ်ကြိမ် ပုံမှန်ညှိနှိုင်း ဆွေးနွေးခြင်း။

၆။ GACC တွင် မှတ်ပုံတင်နိုင်ရေးအတွက် လုပ်ငန်းရှင်များမှ တင်ပြလျှောက်ထားရာတွင် Reject ထိခြင်း၊ ပြန်လည်ပြင်ဆင်ရန်လိုအပ်ခြင်း၊ စာရွက်စာတမ်းများထပ်မံ တင်ပြရန်လိုအပ်ခြင်းစသည့် ကိစ္စရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ Competant Authority များမှ ပေါင်းစပ်ညှိနှိုင်း၍ မှတ်ပုံတင်သည့် လုပ်ငန်းပြီးစီး အောင်မြင်သည့်အထိ GACC နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။